ကာကွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

စစ်ရေးသတင်း

အကျဉ်းချုပ်

21.4.2023

ကာကွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နေ့စဉ်စစ်ရေးသတင်း အကျဉ်းချုပ်

ရန်သူတပ်သားသေဆုံး	ရန်သူတပ်သားဒဏ်ရာရ
စုံစမ်းဆဲ	(၃) ဦး

အာဏာသိမ်းအကြမ်းဖက်စစ်တပ်နှင့်တိုက်ပွဲဖြစ်ပွားမှု

ရှမ်းပြည်နယ်

ဧပြီလ(၂၁)ရက်နေ့မနက်(၂:၃၀)နာရီခန့်တွင် ဖယ်ခုံမြို့နယ်၊မိုးဗြဲ-လွိုင်ကော် လမ်းမကြီး တနေရာတွင် ရန်သူ့ကား အစီး(၂၀)ကျော် ယာဉ်တန်းကို ဗိုလ်တစ်ထောင်တပ်ဖွဲ့၊ ဖယ်ခုံ PDF ရင်း (၂)၊ KNDF B-03 တပ်ဖွဲ့များက တိုက်ခိုက်ခဲ့သည်။

ပဲခူးတိုင်း

ဧပြီလ(၂၀)ရက်နေ့နေ့လည်(၂)နာရီခန့်တွင် ပေါင်းတည်မြို့နယ်၊ သိမ်ကုန်းအုပ်စု၊ သိမ်ကုန်း တာဝါတိုင်တွင် သကြ်န်အကြိုနေ့ကတည်းက ရောက်ရှိနေသော အင်အား (၂၇)ဦးပါသည့် ရန်သူ့တပ် စစ်ကြောင်း ကိုင်းကွင်းကျေးရွာဘက်၊အရှေ့ပဲခူးရိုးမပေါ်သို့ စစ်ကြောင်းထိုးလာစဉ် ပြည်သူ့ကာကွယ်ရေးတပ်မတော်(PDF) ပြည်ခရိုင် PDF တပ်ရင်း ၃၆၀၁၊ တပ်ခွဲ၄၊ တပ်ခွဲ၅နှင့် ပြည်ခရိုင် PDF တပ်ရင်း ၃၆၀၂၊ တပ်ခွဲ၄ တို့က မိုင်း(၂)လုံးဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့ရာ (၃)ဦးထက်မနည်း ထိခိုက်ဒဏ်ရာ ပြင်းထန်စွာ ရရှိခဲ့ပြီး သေဆုံးမှုကို ဆက်လက်စုံစမ်းဆဲဖြစ်ကြောင်း သိရသည်။ မိုင်းဆွဲတိုက်ခိုက်ခံရပြီးနောက် ရန်သူ့တပ်ဘက်မှ ပြန်လည် ပစ်ခတ်မှုများ ရှိသဖြင့် အပြန်အလှန် ပစ်ခတ်မှု အနည်းငယ် ဖြစ်ပွားခဲ့ပြီး ရန်သူ့တပ် ဘက်မှ လက်နက်ကြီးများဖြင့် ပစ်ခတ်မှုများရှိသော်လည်း ပြည်သူ့ကာကွယ်ရေး ပူးပေါင်းတပ်ဖွဲ့ ဘက်မှ အထိအခိုက်မရှိ အောင်မြင်စွာ ဆုတ်ခွာနိုင်ခဲ့ကြောင်း သိရသည်။

ကာကွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အာဏာသိမ်းအကြမ်းဖက်စစ်တပ်ကျူးလွန်သော ရာဇဝတ်မှုများ

မကွေးတိုင်း

ဧပြီလ(၂၀)ရက်နေ့မနက်(၇)နာရီခန့်တွင် ထီးလင်းမြို့နယ်၊ ထီးလင်းမြို့မှ ထွက်လာသော တပ်မ (၁၀၁)နှင့် ပျူစောထီး ပူးပေါင်းအင်အား (၁၀၀)ဦးခန့်က အိမ်ခြေ (၆၅)အိမ်ခန့်ရှိ ပဇင်းချောင်ရွာ ပြည်သူပိုင် စားနပ်ရိက္ခာနှင့်ပစ္စည်းများကို ဝင်ရောက်ခိုးယူခဲ့ပြီး ပြည်သူပိုင်နေအိမ်များကို အကြမ်းဖက် မီးရှို့ဖျက်ဆီးခဲ့သောကြောင့် နေအိမ် (၆၂)လုံး မီးလောင်ပြာကျခဲ့သည်။

ရန်ကုန်တိုင်း

- ဧပြီလ(၂၁)ရက်နေ့တွင် ခရမ်းမြို့နယ်၊ အ.ထ.က (၁) ခရမ်းရှေ့ရှိ ရွှေရည် လက်ဖက်ရည်ဆိုင်တွင် ဆိုင်ထိုင်နေသည့် ခြေထောက်၌ Tattoo ထိုးထားသော လူငယ် (၅)ဦး ကို ရန်သူ့တပ်က ဖမ်းဆီးခဲ့သည်။ ခရမ်းမြို့နယ်တွင် ရန်သူ့တပ်က ခြေထောက်၌ Tattoo ရှိသူများကို ဖမ်းဆီး နေသည်မှာ (၁၅)ဦး ထက်မနည်း ရှိပြီဖြစ်ကြောင်း သိရသည်။
- ဧပြီလ(၂၀)ရက်နေ့တွင် တောင်ဒဂုံမြို့နယ်၊ (၁၀၄)ရပ်ကွက်ရုံးအနီးတွင် (၁၀၄) ရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့်ရာအိမ်မှူးများက ဆိုက်တွဲသမား(၁)ဦးကို ဝိုင်းရိုက်ခဲ့သဖြင့် ဆိုက်တွဲသမား သေဆုံးသွားခဲ့ကာ ရန်သူ့တပ်က အဆိုပါ ဥက္ကဌနှင့်ရာအိမ်မှူးအချို့ကို ဖမ်းခေါ်သွားခဲ့သည်။

ကာကွယ်ရေးဝန်ကြီးဌာန
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

<u>တနင်္သာရီတိုင်း</u>

ဧပြီလ(၂၀)ရက်နေ့တွင် ကော့သောင်းမြို့နယ်၊ ခမောက်ကြီးမြို့ ရှမ်းကိုးရွာဒေသရှိကျေးရွာများမှ ရွာသား ၄ ဦး ကို ရန်သူ့တပ်က လာရောက်ဖမ်းဆီးသွားခဲ့သည်။ ဆိပ်ဖူးရွာရှိ ရာဘာခြံထဲ၌နေထိုင်သည့် ဦးပုန်းရှင်၏ သားဖြစ်သူ အသက်(၂၀)ကျော်အရွယ် ရှိသည့် ကိုကျော်မျိုးဦးနှင့် ကိုအောင်မျိုးဦးတို့ကို ဖမ်းဆီးပြီး လက်ကိုင်ဖုန်းများကိုလည်း သိမ်းဆည်းသွားခဲ့သည်။ တဆက်တည်းမှာပင် လုံးဖောကျေးရွာနေ အသက်(၃၀)ကျော်အရွယ် မမီးကမ်း ဆိုသည့် အမျိုးသမီးကို မနက်(၉)နာရီခန့်တွင် ရန်သူ့တပ်က နေအိမ်သို့ လာရောက် ဖမ်းဆီးသွားခဲ့သည်။ ထို့အပြင် ခမောက်ကြီးမြို့အနီးရှိ ယုဇနဆီအုန်းစိုက်ပျိုးရေးဇုန် ၂ မှ အသက်(၃၀)ဝန်းကျင် ရှိသည့် ကိုညီညီအောင်ဆိုသူကိုလည်း ထပ်မံ ဖမ်းဆီးသွားခဲ့ကြောင်း သိရသည်။